## 2 နေထိုင်မှုဆိုင်ရာစည်းမျဉ်းစည်းကမ်းများ၊ အပြုအမူများ၊ ဓလေ့ထုံးစံများ

### 2-4 နေထိုင်မှုဆိုင်ရာစည်းမျဉ်စည်းကမ်းများ၊ အပြုအမူများ။ ။ဆူညံအနှောင့်အယှက်ပေးသံ

နေ့စဉ်နေထိုင်မှုကြောင့် အိမ်အတွင်းနှင့် အိမ်တပိုက်မှထွက်သည့် ဆူညံအနှောင့်အယှက်ပေးသံကို **"Seikatsu So-On"**ဟု ခေါ်ပါသည်။ လေအေးပေးစက် ၊ အဝတ်လျှော်စက်၊ ရေချိုးခန်းနှင့် အိမ်သာကို အသုံးပြုသည့်အချိန်တွင် ထွက်သည့် နေအိမ်မှထွက်သည့်ဆူညံအနေှင့်အယှက်ပေးသံ။ စန္ဒရားစသည့်များကိုတီးသည့်အချိန်နှင့် စတီရီယို၊ TVကို အသုံးပြုသည့်အချိန်မှ ထွက်သည့် **audio** စက်များမှ ထွက်သည့်ဆူညံအနှောင့်အယှက်ပေးသံ။ အိမ်မွေးခွေးနှင့် ကြောင်များ၏ အော်မြည်သံ။ လှေကား အတက်အဆင်းနှင့် တံခါးအဖွင့်အပိတ်၊ အိပ်ရာနေပူလှန်းချိန် ဖုံခါရိုက်သံစသည့်များလည်း ဆူညံအနှောက်အယှက်ပေးသံဖြစ်သွားနိုင်သည်။

အထူးသဖြင့် တိုက်ခန်းစသည့်လူပေါင်းစပ်နေထိုင်သည့်အိမ်ယာတွင် အပေါ်ထပ် အောက်ထပ်မှကြားသည့် ဆူညံသံကြောင့် ပြဿနာများဖြစ်လေ့ရှိပါသည်။ နေထိုင်မှုကြောင့်ထွက်သည့်အသံသည် မည်သည့်အတိုင်းအတာ ဆိုလျှင် အနှောင့်အယှက်ပေးရာရောက်သည့်ဆိုသည်မှာ တစ်ဦးနှင့်တစ်ဦး မတူညီပါ။ သို့သော်လည်း ညတွင် ပတ်ဝန်းကျင်ငြိမ်သက်တိတ်ဆိတ်သွားသောကြောင့် အသံတိုးသော်လည်း အသံကျယ်သကဲ့သို့ ခံစားလေ့ရှိပါသည်။ အနည်းဆုံး ည ၉နာရီကျော်လျှင် သတိထားရန်လိုအပ်နေပါသည်။